ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပါမောက္ခချုပ်များကော်မတီ

# အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာ၊ ဆရာမများ၏ လူမှုဘဝအခက်အခဲများနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများ စာတမ်း

(၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ)

MICC-2 နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၂ |
| ၂။ | ဆရာ၊ ဆရာမများ၏ လူမှုဘဝလုံခြုံရေးဆိုင်ရာ အခက်အခဲများ | ၃ |
| ၃။ | ဆရာ၊ ဆရာမများ၏ လူမှုဘဝအခက်အခဲများအား ဖြေရှင်းနိုင်မည့် နည်းလမ်းများ | ၉ |
| ၄။ | တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာသမဂ္ဂများကွန်ရက် (ရန်ကုန်)၏ ဆောင်ရွက်ချက်များ | ၁၃ |
| ၅။ | နိဂုံး | ၁၄ |

**အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာ၊ ဆရာမများ၏**
**လူမှုဘဝအခက်အခဲများနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများ**
**တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဆရာသမဂ္ဂကွန်ရက်(ရန်ကုန်)**

## စာတမ်းအကျဉ်းချုပ်


မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုခရီးတွင် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးမှာ ပညာရေးကဏ္ဍပင် ဖြစ်ပါသည်။

တက္ကသိုလ်များ အဆင့်မြှင့်တင်မှုနှင့် အဆင့်မြင့်ပညာကဏ္ဍပြုပြင်ပြောင်းလဲမှုကို နိုင်ငံတော်မှ ဖော်ဆောင်လျက်ရှိရာတွင် ပညာရေးစနစ်ကြီးတစ်ခုလုံးနှင့် ဆရာ၊ ဆရာမများ၏ လူမှုဘဝ အခြေအနေများအား ချိတ်ဆက်စဉ်းစားရန် လိုအပ်မည်ဖြစ်ပြီး ယင်းအချက်မှာ ဤစာတမ်း၏ အဓိက တင်ပြချက်တစ်ခုလည်း ဖြစ်ပါသည်။ အဆင့်မြင့်ပညာကဏ္ဍ၌ သုတေသနများ ရေးသားပြုစုရာတွင် Academic Paper များမှာ ဘာသာရပ်ဆိုင်ရာ တိုးတက်မှုအတွက် အရေးပါသကဲ့သို့ တက္ကသိုလ် ပညာရေးဝန်းကျင်ရှိ ဆရာ/ဆရာမများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲနှင့် အဖြစ်မှန် ပြဿနာများ(Real Issues)ကိုလည်း လျစ်လျူရှုထား၍ မရသည့် အကြောင်းရင်းများကို အဓိကထား တင်ပြဆွေးနွေးထားပါသည်။ အဆိုပါ အကြောင်းအရင်းများကို အချိန်မီ ဖြေရှင်းဆောင်ရွက်ပေးရန် အရေးကြီးကြောင်း ဥပမာအားဖြင့် ဆရာ၊ ဆရာမများ အရည်အသွေး ကျဆင်းလာမှုတွင် မည်သည့် အကြောင်းအချင်းအရာများက အရည်အသွေး ကျဆင်းစေသည့်အချက်များ ဖြစ်သည်ကို သိရှိ ဖော်ထုတ်ဖြေရှင်းပေးနိုင်ရန် လိုအပ်ကြောင်း အကြံပြုတင်ပြထားပါသည်။ ထိုသို့ ဖြေရှင်းဆောင်ရွက်ရာတွင် လက်တွေ့ကျပြီး အလျင်အမြန် အကောင်အထည်ဖော်ဆောင်နိုင်ချေရှိသော ဦးစားပေး အဆင့်အလိုက် ဖြေရှင်းမှုများနှင့် ရရှိလာနိုင်မည့် ရေတို၊ ရေရှည် အကျိုးရလဒ်များကိုလည်း အကြံပြု တင်ပြထားပါသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ မှ ၂၇ ရက်နေ့အထိ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပခဲ့သော High Level Political Forum တွင် ချမှတ်ခဲ့သည့် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက် **SDG 17"** အနက် ပညာရေးဆိုင်ရာ ရည်မှန်းချက်တစ်ခုဖြစ်သည့် SDG 4: Ensure inclusive and quality education for all and lifelong learning အရ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍ၏ အဓိက မောင်းနှင်ရေးအင်အားများဖြစ်ကြသည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြင့်မားရေး၊ အရည်အသွေး မြင့်မားလာသည်နှင့်အမျှ ကျောင်းသား၊ သူများနှင့် လူ့အဖွဲ့အစည်းမှ လေးစားအားကျ အတုယူဖွယ်ရာ စံပြပုဂ္ဂိုလ် (Ideal Person) များဖြစ်လာစေရေး၊ ထိုသို့ ဖြစ်လာစေရန် ဆရာ၊ ဆရာမများအတွက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းဆိုင်ရာ စံနှုန်း များနှင့် လျော်ညီသည့် လစာနှင့် ပံ့ပိုးမှုများ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး၊ ထိုသို့ ဆောင်ရွက် ပေးရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၊ သက်ဆိုင်ရာ တက္ကသိုလ်၊

ဒီဂရီကောလိပ် အသီးသီးမှ ဦးဆောင်ဦးရွက်ပြုနေသူများ၊ ဆရာသမဂ္ဂများ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် အရေးကြီးကြောင်းကို လက်ရှိအခြေအနေများ၊ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ရရှိလာနိုင်မည့် ရလဒ်များဖြင့် ပိုင်းခြားသုံးသပ်တင်ပြထားပါသည်။

**၁။ နိဒါန်း**

ရန်ကုန်တက္ကသိုလ် ကျောင်းဆရာဘဝမှသည် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် တာဝန်အထိ ထမ်းဆောင်ခဲ့သော ဦးသန့်က “ဒီမိုကရေစီစနစ် အောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင်ရှိကြရမည်။ အသိဉာဏ်ပညာ ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်။ ထို့ကြောင့် မဲဆန္ဒရှင်တိုင်းသည် ပညာတတ်ရမည်။ ဆင်ခြင်တုံတရား သုံးနိုင်ကြရမည်။ ပညာရေးသည် နိုင်ငံရေး၏ အခြေခံအစစ်ဖြစ်သည်” ဟု ဆိုခဲ့ဖူးပေသည်။ ယင်းအချက်မှာ ယနေ့ခေတ် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အချိန်ကာလတွင် နယ်ပယ်အသီးသီး၌ ပါဝင်ဆောင်ရွက်နေကြသူအားလုံးအတွက် သတိပြု ဆင်ခြင်စရာတစ်ခုပင် ဖြစ်သည်။

တဖန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလဲ “.......**တိုင်းပြည်မှာ အရေးအကြောင်းရှိတိုင်း ကျောင်းသားတွေရှေ့တန်းက ပါဝင်ခဲ့ကြ အနစ်နာခံခဲ့ကြတာ အစဉ်အလာဆိုပေမယ့် ဒီလိုအစဉ်အလာမျိုး ထပ်ပြီးရှိစရာမလိုတော့အောင် တိုင်းပြည်မှာ ပြဿနာဖြစ်တိုင်း ဒီမိုကရေစီနည်းနဲ့ ညှိနှိုင်းဖြေရှင်းတဲ့ အစဉ်အလာက အခြေကျဖို့ သင့်ပါပြီ...**” ဟု ရန်ကုန်စက်မှုတက္ကသိုလ် မတ်လ အရေးအခင်း ၂၆ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့ဖူးပေသည်။

ထိုကဲ့သို့ တိုင်းပြည်တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ကာ အနာဂတ်၏ ခေါင်းဆောင်ကောင်းများဖြစ်လာမည့် ကျောင်းသားလူငယ်များအား ဒီမိုကရေစီ အခြေခံကောင်းများ ရရှိစေရန် ထုဆစ်ပုံဖော်ရမည့် ဆရာ၊ ဆရာမများ၏ လူမှုဘဝများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးက လေးစားအားကျရသောဘဝများ ဖြစ်နေရန် အရေးကြီးပေသည်။ ထို့အတွက်ကြောင့် “**အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာ၊ ဆရာမများ၏ လူမှုဘဝအခက်အခဲများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများ**” နှင့် စပ်လျဉ်း၍ စာတမ်းတင်သွင်းရခြင်း ဖြစ်ပါသည်။

**စာတမ်း၏ရည်ရွယ်ချက်**

နိုင်ငံတော်မှ နိုင်ငံတကာစံနှုန်းများနှင့်အညီ အတည်ပြုပြဋ္ဌာန်းထားပြီး ထိရောက်စွာအကောင်အထည် ဖော်ဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ၏ လူမှုဘဝဖူလုံရေးဆိုင်ရာ ရရှိခံစားပိုင်ခွင့်များအား ပညာရေးဝန်ထမ်း ဆရာ၊ဆရာမများအားလုံး ခံစားခွင့်ရရှိစေရန်နှင့် နိုင်ငံတည်ဆောက်ရေး၏ အခြေခံအကျဆုံးနှင့် အရေးပါဆုံးဖြစ်သော ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် ဆရာ၊ဆရာမများအနေဖြင့် အဂတိတရားကင်းရှင်းစွာ၊ ဂုဏ်သိက္ခာရှိစွာဖြင့် ပါဝင်ကြိုးပမ်း ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ပါသည်။

**စာတမ်းပြုစုမှုနည်းလမ်း**

သုတေသနစာတမ်းများ၏ စာတမ်းပြုစုမှု နည်းလမ်းများထက် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးရှိ ဆရာ၊ ဆရာမများ၏ ပကတိအခြေအနေများကို ၎င်းတို့၏ ကိုယ်တိုင်ဖွင့်ဟ ပြောကြားချက်များ၊ တင်ပြချက်များ၊ ၂၀၁၂ ခုနှစ်မှစတင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သော ဆရာသမဂ္ဂများ၏ ဆောင်ရွက်ချက် အတွေ့အကြုံများကို အဓိကအခြေပြုစုစည်း၍ စာတမ်းပြုစုရေးအဖွဲ့မှ ဖြစ်စဉ်ဖြစ်ရပ်များအား ခွဲခြမ်းစိစစ်ကာ (Document Analysis) ဆရာ၊ ဆရာမများအားလုံး၏ကိုယ်စား ဆွေးနွေးတင်ပြမှု နည်းလမ်းပုံစံဖြင့် တင်ပြထားခြင်း ဖြစ်ပါသည်။

**လေ့လာဆန်းစစ်ခြင်းစံနှုန်းများ**

စာတမ်းပါ ဆွေးနွေးတင်ပြချက်များအား နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လူမှုဖူလုံရေး ဥပဒေ (၂၀၁၂) ပါ ပြဋ္ဌာန်းချက်များ အပါအဝင် ဆက်စပ်ဥပဒေများအရ နိုင်ငံတော်မှ ပေးအပ်ထားသော အခွင့်အရေးများကို စနစ်တကျ ရရှိခံစားနိုင်မှုရှိ/မရှိ စံနှုန်းဖြင့် သုံးသပ် အကဲဖြတ်ထားပါသည်။

**၂။ ဆရာ၊ ဆရာမများ၏ လူမှုဘဝလုံခြုံရေးဆိုင်ရာ အခက်အခဲများ**

မြန်မာနိုင်ငံတွင်လူဦးရေ (၅၄)သန်းကျော်အနက် ဆရာ၊ ဆရာမများ ဝန်ထမ်းဦးရေမှာ (၅)သိန်းခန့် ရှိကြောင်း တရားဝင် သတင်းထုတ်ပြန်ချက်များအရ သိရှိရပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ဝန်ကြီးဌာနပေါင်း (၂၅) ခုရှိပြီး ပညာရေးဝန်ကြီးဌာနမှာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းမရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများစာရင်းတွင် ထည့်သွင်းသတ်မှတ်ထားခြင်းခံထားရကြောင်း သိရှိရပါသည်။

ပြည်ထောင်စုလွှတ်တော်က ၂၀၁၂ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်လူမှုဖူလုံရေးဥပဒေ (၂၀၁၂)၊ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များဆိုင်ရာ အခန်း (၅) ပုဒ်မ ၁၂ ပုဒ်မခွဲက (၁) တွင်-

***"လူမှုဖူလုံရေး ခံစားခွင့်နှင့် သက်ဆိုင်ခြင်းမရှိသော လုပ်ငန်းဌာနနှင့် အလုပ်သမားများမှာ*** *စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းမရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ"* ဟု ဖော်ပြပါရှိပါသည်။

သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးအောင်မြင်လျက်ရှိသော Social Security System လူမှုဖူလုံရေးစနစ်အရ ရရှိခံစားပိုင်ခွင့်ရှိသော လူမှုဖူလုံရေးဆိုင်ရာ အခွင့်အရေးများကို နိုင်ငံ့ဝန်ထမ်းများနှင့် ကာယ၊ ဉာဏ လုပ်သားများအားလုံး ခံစားခွင့်ရရှိကြသော်လည်း ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများမှာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းမရှိသော အစိုးရဌာနဟူသော သတ်မှတ်ချက်ကြောင့် ခံစားခွင့်မရရှိခဲ့ကြသည်မှာ ယနေ့တိုင် ဖြစ်သည်။ စင်စစ် နိုင်ငံတော်အစိုးရ၏ လူမှုဖူလုံရေး စီမံကိန်းနှင့် ပတ်သက်သည့် အမျိုးသားအဆင့် ရည်မှန်းချက်မှာ လူမှုဖူလုံရေးဆိုင်ရာစီမံကိန်းအား တစ်မျိုးသားလုံးအကျုံးဝင်သည့် စီမံကိန်းဖြစ်လာစေရန်ဖြစ်ပြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရာတွင် လုပ်ငန်းစဉ်များ (Mission) အားဖြင့်-

- အများပြည်သူတို့က မိမိဆန္ဒအလျောက် အာမခံထားရှိနိုင်ပြီး လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပိုမိုခံစားနိုင်စေရန်
- လက်တွေ့ပကတိအခြေအနေနှင့်ကိုက်ညီသည့် အကျိုးခံစားခွင့်များပေးခြင်းဖြင့် လူမှုဖူလုံရေး စနစ်အပေါ် အများပြည်သူ ယုံကြည်ကိုးစားမှုများ တိုးပွားလာစေရန်
- အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင်ထိခိုက်မှုအတွက် ငွေကြေးခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါး ကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်၊ ကျန်ရစ်သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့် နှင့် ပိုင်ဆိုင်ခွင့်များပါ ရရှိစေရန် ဟူ၍ ပါရှိပါသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လက်ခံကျင့်သုံးလျက်ရှိသော လူမှုဖူလုံရေး စနစ်များမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာမက ဖွံ့ဖြိုးပြီးနိုင်ငံများ တိုးတက်သောနိုင်ငံများရှိ နိုင်ငံသား များအားလုံးအတွက် များစွာ အထောက်အကူပြုသော စနစ်တစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။ မြန်မာနိုင်ငံတွင်လည်း လူမှုဖူလုံရေးဥပဒေ (၂၀၁၂) ပါ ပြဋ္ဌာန်းချက်များအရ ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်သည့် အကျိုးခံစားခွင့်ရှိသော လူမှုဖူလုံရေး အာမခံစနစ် (၅) ရပ်ရှိကြောင်း သိရှိရပြီး ၄င်းတို့မှာ–

(၁) ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်

(၂) မိသားစု ထောက်ပံ့မှုအာမခံစနစ်

(၃) အလုပ်လုပ်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်အာမခံစနစ်

(၄) အလုပ်လက်မဲ့ အကျိုးခံစားခွင့် အာမခံစနစ်နှင့်

(၅) အခြားလူမှုဖူလုံရေးစနစ် တို့ဖြစ်သည်။

အဆိုပါအာမခံစနစ် (၅)မျိုးအနက် အစိုးရဝန်ထမ်းများမှာ အမှတ်စဉ် (၃) နှင့် (၄)အတွက် သက်ဆိုင်မှုမရှိကြောင်း ပုဒ်မ (၁၄) တွင် ဖော်ပြပါရှိသော်လည်း အလုပ်လုပ်နိုင်စွမ်းမရှိမှု အကျိုးခံစား ခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် အာမခံစနစ်သို့ *"မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ပြီး ထည့်ဝင်ကြေး ပေးသွင်း၍ အာမခံထားလျှင် သက်ဆိုင်ရာ အကျိုးခံစား ခွင့်ကို သတ်မှတ်ချက်များနှင့်အညီ ရထိုက်ခွင့် ရှိစေရမည်"* ဟု ဖော်ပြပါရှိသည့်အတွက် အမှတ်စဉ် (၃) ပါ အာမခံစနစ်သို့ မိမိတို့ သဘောဆန္ဒအလျောက် ရယူခံစားခွင့် ရှိသည်ဟု ဆိုပါသည်။ ယင်းအချက်မှာ အငြိမ်းစားယူမည့် ဆရာကြီး၊ ဆရာမကြီးများအတွက် အငြိမ်းစားယူပြီးနောက် ရရှိနိုင်မည့် ခံစားခွင့် လည်းဖြစ်ရာ နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် အငြိမ်းစားခံစားခွင့်အပြင် ထပ်မံရရှိနိုင်မည့် လူမှု ဖူလုံရေးဆိုင်ရာ ခံစားခွင့်လည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံရှိ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၏ လူမှုဘဝအခြေအနေကို လေ့လာ ကြည့်လျှင် တာဝန်ထမ်းဆောင်ဆဲကာလမှာပင် အခြားသော ဝန်ထမ်းများကဲ့သို့ စားဝတ်နေမှု

အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနေကြရပြီး အငြိမ်းစားယူပြီးနောက်ပိုင်းကာလများတွင် ပိုမိုကြပ်တည်းဆင်းရဲကာ ဆရာဂုဏ်နှင့် မလျော်ညီသောလုပ်ငန်းများ (ဥပမာ– ညစောင့်ကဲ့သို့သော လုပ်ငန်းမျိုး)တွင် ဝင်ရောက်လုပ်ကိုင်နေကြရသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဝန်းကျင်ကာလက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့ခဲ့သည့် အငြိမ်းစား မူလတန်းကျောင်းအုပ်ကြီးတစ်ဦး ရိုးသားစွာတင်ခဲ့သည့် ညစောင့်အလုပ် လုပ်ကိုင်လိုကြောင်း ကြော်ငြာတစ်ခုမှာ ပညာရေးအသိုင်းအဝိုင်းများကြား များစွာ စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်ခဲ့ရသည်။ အလားတူ လူမှုဘဝဒုက္ခများအား ခါးစည်းရင်ဆိုင်နေကြရသော နိုင်ငံတစ်ဝှမ်းမှ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၏ ဘဝများကို မီဒီယာများမှတစ်ဆင့် ကြားသိနေရပါသည်။ အဆိုပါ ဆရာကြီး၊ ဆရာမကြီးများကို ကြည့်လျှင် ရုပ်ပိုင်းဆိုင်ရာဒုက္ခများအပြင် စိတ်ပိုင်းဆိုင်ရာ ခံစားချက်များပါ ရရှိခံစားနေကြရသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံအနှံ့ကျောင်းများတွင် နှစ်စဉ်ပြုလုပ်လျက်ရှိသော ဆရာကန်တော့ပွဲများ၊ သက်ကြီးပူဇော်ပွဲများသည် ဆရာကြီး၊ ဆရာမကြီးများအတွက် ရုပ်ဝတ္ထုငွေကြေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖြေလျော့မှုများ ရရှိစေသည်ကို သတင်းမီဒီယာ ဖော်ပြချက်များ အင်တာဗျူးများမှတစ်ဆင့် သတိပြုသိရှိရပေသည်။ ထိုသို့သော အခြေအနေများတွင် ဘဝတစ်ခုလုံး ပညာရေးထဲတွင် ရင်းနှီးမြှုပ်နှံခဲ့သော ဆရာကြီး၊ ဆရာမကြီးများမှာ လူမှုဖူလုံရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားသော ပညာရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ရပ်၏ ထောက်ပံ့ဖေးကူမှု ရရှိခဲ့မည်ဆိုလျှင် ယင်းကဲ့သို့သော စိတ်မချမ်းမြေ့ဖွယ်ရာ အခြေအနေမျိုး ကြုံတွေ့ရမည်မဟုတ်ဟု သုံးသပ်ရပါသည်။ တက္ကသိုလ်များ ပြုပြင်ပြောင်းလဲရေးနှင့် အဆင့်မြင့်ပညာကဏ္ဍ မြှင့်တင်ရေးတွင် ဆရာ၊ ဆရာမများ၏ လူမှုဘဝ လက်တွေ့အခြေအနေများကို သိရှိကာ မူဝါဒတစ်ရပ် အလျင်အမြန် ချမှတ် ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုတင်ပြရပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ရန်ကုန်တက္ကသိုလ် (၁၉၂၀) နှင့် မန္တလေးတက္ကသိုလ်(၁၉၅၈)ဟုသာ ရှိခဲ့ရာမှ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ လက်ထက်တွင် တက္ကသိုလ်အက်ဥပဒေများအား ရုပ်သိမ်းလိုက်ပြီး အစိုးရမှ တိုက်ရိုက်အုပ်ချုပ်သော အဖွဲ့အစည်းများ အဖြစ် ပြောင်းလဲခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် စနစ်သစ် တက္ကသိုလ်ပညာရေးစနစ်ကို ချမှတ်ပြီး တက္ကသိုလ် ၂ ခု မှ ၁၀ ခုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ တက္ကသိုလ်၏ လုပ်ငန်းများကို ညှိနှိုင်းရန်နှင့် မူဝါဒချမှတ်ရန် တက္ကသိုလ်များကောင်စီကို ဖွဲ့စည်းကာ အုပ်ချုပ်ရေး၊ ဆရာခန့်ထားရေး စသည်တို့ကိုမူ ပညာရေးဝန်ကြီးဌာနက တိုက်ရိုက်ဖြစ်စေ၊ တက္ကသိုလ်များအုပ်ချုပ်ရေးရုံး (ယခု အဆင့်မြင့်ပညာ ဦးစီးဌာန) မှတစ်ဆင့် ကိုင်တွယ်ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်သည် ထိုစဉ်က အရှေ့တောင်အာရှတွင် ထိပ်တန်း တက္ကသိုလ်ကြီးအဖြစ် ရှိနေခဲ့ပြီး ဒေသတွင်းနိုင်ငံများမှပင် ရန်ကုန်တက္ကသိုလ်သို့ လာရောက်ပညာသင်ယူခဲ့ကြသည်ကိုပင် တွေ့မြင်ကြရသည် ဖြစ်သည်။ တက္ကသိုလ်အဆင့်အတန်းမြင့်မားမှုနှင့်အတူ တက္ကသိုလ် ဆရာ၊ ဆရာမများ၏ ဘဝရပ်တည်မှုမှာလည်း လူ့အဖွဲ့အစည်းက လေးစားအားကျရသော အခြေအနေတွင် ရှိခဲ့ပေသည်။ ရန်ကုန်တက္ကသိုလ်မှပင် နိုင်ငံ့ခေါင်းဆောင်များ၊ စာပေပညာရှင် အကျော်အမော်များ၊

ပညာရှင်များစွာ မွေးထုတ်နိုင်ခဲ့သည် ဖြစ်သည်။ ယနေ့ခေတ်ကာလတွင် ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်ပညာရေး အဆင့်အတန်းမှာ ထိုသို့သောအခြေအနေမှ များစွာ နိမ့်ကျသွားခဲ့ရာ ပြန်လည်မြှင့်တင်နိုင်ရေး ဘက်ပေါင်းစုံ ဝိုင်းဝန်းကြိုးပမ်းနေကြရချိန်ဖြစ်သည့်အလျောက် အဓိက အကြောင်းရင်းကို အလျင်အမြန် ဖော်ထုတ်ဖြေရှင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။ အဆိုပါ အဓိကအကြောင်းရင်း ပြဿနာများမှာ–

- အခြေခံလစာ
- နေထိုင်မှုအခက်အခဲ
- ကျန်းမာရေးစောင့်ရှောက်မှု
- မိသားစုဝင်များအကျိုးခံစားခွင့် တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၁) အခြေခံလစာ**

ယနေ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ/သရုပ်ပြ တစ်ဦး၏ အခြေခံလစာမှာ မြန်မာကျပ်ငွေ (၁၈၀၀၀၀ကျပ်) ရရှိပြီး ပါမောက္ခချုပ်တစ်ဦး၏ လစာမှာ မြန်မာကျပ်ငွေ (၅၅၀၀၀၀ကျပ်) ရရှိရာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် များစွာနည်းပါးနေသည်ကို တွေ့ရမည် ဖြစ်သည်။ အဆိုပါ လစာနှုန်းများမှာ ၂၀၁၄ ခုနှစ်တွင် နောက်ဆုံးတိုးမြှင့် သတ်မှတ်ပေးခဲ့သော နှုန်းထားများလည်း ဖြစ်ပြီး ထိုစဉ်က အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၆၀၀ ဝန်းကျင်ခန့်နှင့် ရွှေဈေးနှုန်းမှာ ကျပ် ၅ သိန်း ဝန်းကျင်ခန့်ဖြစ်သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ဈေးနှုန်းများအရ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ ကျော်ဝန်းကျင်နှင့် ရွှေဈေးနှုန်းမှာ ကျပ် ၁၃ သိန်းကျော်ဝန်းကျင်အထိ တိုးမြင့်လာခဲ့ပြီ ဖြစ်သော်လည်း လစာနှုန်းထားမှာမူ လွန်ခဲ့သည့် (၅) နှစ်က သတ်မှတ်ထားသည့် နှုန်းထားသာ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အခြားသော အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ဈေးနှုန်းများမှာလည်း အမေရိကန် ဒေါ်လာဈေးနှင့် ရွှေဈေးအပေါ်မူတည်၍ များစွာ တိုးမြင့်လာသည့် အခြေအနေတွင် အဆိုပါလစာမှာ မိသားစုအား လောက်သည်ဆိုရုံမျှပင် ကျွေးမွေးစောင့်ရှောက်နိုင်သည့် အခြေအနေတွင် မရှိသည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါ လစာနှုန်းထားအား အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ကြည့်လျှင် နည်းပြ/ သရုပ်ပြ တစ်ဦးမှာ တစ်လလျှင် အမေရိကန်ဒေါ်လာ (၁၄၁) နှင့် ပါမောက္ခချုပ်တစ်ဦးမှာ တစ်လလျှင် အမေရိကန် ဒေါ်လာ (၃၈၀) သာ ရရှိကြောင်း တွေ့ရှိရသည်။ (ယင်းဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၁ ရက်နေ့ ဈေးနှုန်းအရ တွက်ချက်တင်ပြခြင်း ဖြစ်သည်) ထိုသို့သော အခြေအနေတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအိုနိုင်ငံရှိ ဆရာ၊ ဆရာမတစ်ဦး၏ အနိမ့်ဆုံးလစာမှာ အမေရိကန် ဒေါ်လာ (၈၀၀) နှင့် အမြင့်ဆုံးလစာမှာ အမေရိကန်ဒေါ်လာ (၁၅၀၀) ရရှိပြီး၊ ကမ္ဘောဒီးယားနိုင်ငံမှ ဆရာ/ဆရာမတစ်ဦး၏ အနိမ့်ဆုံးလစာမှာ အမေရိကန်ဒေါ်လာ (၁၀၀၀)နှင့် အမြင့်ဆုံးလစာမှာ အမေရိကန်ဒေါ်လာ (၁၅၀၀) အထိ ရရှိသည်ကို တွေ့ရှိရပါသည်။

ယင်းအချက်ကို လေ့လာကြည့်လျှင် ဒေသတွင်း အာဆီယံနိုင်ငံများထဲမှ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် မြန်မာနိုင်ငံမှ ဆရာ၊ ဆရာမ၏ လစာမှာ များစွာ ကွာဟ

လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းအချက်မှာ ဆရာ၊ ဆရာမအဖြစ် ရိုးသားစွာ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရှင်သန်မှု၏ အဓိက စိန်ခေါ်မှုပြဿနာတစ်ရပ် ဖြစ်လာနေသည်ဟု သုံးသပ်ရပါသည်။

**(၂) နေထိုင်မှုအခက်အခဲ**

ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ဆရာမများ၏ အိမ်ရာနေထိုင်မှု အခြေအနေမှာ ဆရာ၊ ဆရာမအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်မှာ အိမ်ငှားအဖြစ် နေထိုင်လျက်ရှိကြရပြီး အိမ်ပိုင်အဖြစ် နေထိုင်နိုင်သည့် ရာခိုင်နှုန်းမှာ များစွာနည်းပါးကြောင်း သိရှိရပါသည်။ အခြားနေထိုင်မှု အစီအစဉ်မှာ ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသော အိမ်ရာနေထိုင်မှုနှင့် သက်ဆိုင်ရာ ဒီဂရီကောလိပ်များအလိုက် စီစဉ်ပေးသော အိမ်ခန်း/အဆောင်ဖြင့် နေထိုင်မှုပုံစံများဖြစ်ပါသည်။ သို့သော် အဆိုပါ အစီအစဉ်များ လုံလောက်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ အချို့သော တက္ကသိုလ်များတွင် မိသားစုတစ်စုသာ နေထိုင်နိုင်သည့် အိမ်ခန်းတွင် အိမ်ထောင်သည် မိသားစု (၂)စု စုပေါင်းနေထိုင်ရခြင်း၊ ထိုအိမ်ခန်းပုံစံကိုပင် အိမ်ထောင်သည် မဟုတ်ပါက (၄) ဦး စုစည်းနေထိုင်ကြရခြင်း၊ အချို့သော တက္ကသိုလ်များရှိ ဆရာမများအဆောင်တွင် ကျောင်းသူများနှင့် ရောနှောနေထိုင်ရခြင်း၊ ဆရာ/ဆရာမ (၁)ဦးသာ နေထိုင်သင့်သည့်အခန်းတွင် နှစ်ဦးနေထိုင်ကြရခြင်းများ တွေ့ရှိရပါသည်။ အချို့သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ရာထူးအဆင့်အလိုက် နေထိုင်ခွင့်ပြုသော အိမ်ခန်းများ လုံလောက်မှုမရှိသဖြင့် အခြားအဆင့်အလိုက် နေထိုင်ခွင့်ပြုထားသော အိမ်ခန်းများကိုပါ ရယူနေထိုင်ခြင်းများရှိနေကြောင်းလည်း သိရှိရပါသည်။ ဥပမာ- ပါမောက္ခနေအိမ်မလုံလောက်သဖြင့် တွဲဖက်ပါမောက္ခ၊ ကထိက အိမ်ခန်းများကို ရယူနေထိုင်ခြင်းမျိုးဖြစ်ပြီး အဆင့်အလိုက် ရယူနေထိုင်လျက်ရှိသဖြင့် ကထိက၊ လ/ထကထိကနှင့် နည်းပြ/သရုပ်ပြများအတွက် နစ်နာမှုများ ရှိနေသည်လည်း တွေ့ရှိရပါသည်။

ထို့အပြင် နေထိုင်မှုအခက်အခဲများကြောင့် မိသားစုအား တာဝန်ကျရာသို့ ခေါ်ဆောင်နိုင်သည့် အခြေအနေမရှိခြင်း၊ သားငယ်၊ သမီးငယ်များအား မိဘဆွေမျိုးများနှင့်သာ မူလနေရပ်တွင် ထားခဲ့ရခြင်း၊ မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များအတွက် နေရပ်သို့ပြန်ရပါက ခရီးစရိတ်ကုန်ကျမှုများရှိလာခြင်း၊ အိမ်ထောင်သည် မိသားစုနှစ်စု ပူးတွဲနေထိုင်ရခြင်း၊ ကျောင်းသူများနှင့် ရောနှောနေထိုင်ရခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ လူမှုရေးဆိုင်ရာ အဆင်မပြေမှု များစွာရှိလာသည်ကို တွေ့ရှိရပါသည်။

နေအိမ်ငှားရမ်းနေထိုင်ရသော ဆရာ၊ ဆရာမများ၏ အခြေအနေကို လေ့လာကြည့်လျှင် ယနေ့ခေတ် နေအိမ်ငှားရမ်းခများမှာ ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများကို အခြေခံတွက်ကြည့်လျှင် အနိမ့်ဆုံး ကျပ် (၁၀၀၀၀၀/ -)မှ ကျပ် (၂၀၀၀၀၀/-) ကျော် ဝန်းကျင်ခန့် ရှိနေသည်ဖြစ်ရာ လစာ၏ ၅၀ ရာခိုင်နှုန်းကျော်အား နေအိမ်ငှားရမ်းခအဖြစ် အသုံးပြုနေရသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဤသည်မှာ အခြား ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်များ မပါဝင်ပေ။ ထို့ကြောင့် ဆရာ၊ ဆရာမများ ရင်ဆိုင်နေကြရသည့် နေထိုင်မှုအခက်အခဲများမှာ ၎င်းတို့၏ အဓိကတာဝန်ဖြစ်သော

သင်ကြားရေးနှင့် သုတေသနဆိုင်ရာ လုပ်ငန်းများအပေါ် များစွာရိုက်ခတ်မှုများ ရှိလာနေကြောင်း တွေ့ရှိရပါသည်။

**(၃) ကျန်းမာရေးစောင့်ရှောက်မှု**

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ အစိုးရဆေးရုံများတွင် စရိတ်မျှပေးစနစ်ဖြင့် ကုသနိုင်ပြီး၊ နိုင်ငံ့ဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံ အလုပ်သမားများအတွက် လူမှုဖူလုံရေးစနစ်ဖြင့် ကုသနိုင်သည့် အလုပ်သမားဆေးရုံနှင့် ဆေးခန်းများရှိသော်လည်း လူမှုဖူလုံရေးဥပဒေအရ စီးပွားရေး လုပ်ကိုင်ခြင်းမရှိသော အစိုးဌာနဟု သတ်မှတ်ခြင်းခံရသည့်အတွက် ဆရာ၊ ဆရာမများအားလုံးမှာ အဆိုပါ လူမှုဖူလုံရေးစနစ်အရ ဆေးကုသခွင့် မရရှိပေ။ အစိုးရဆေးရုံများတွင် တက်ရောက်ကုသရ သည့်အခါ၌ စရိတ်မျှပေးဟုဆိုသော်လည်း အသေးစားခွဲစိတ်မှုများ ပြုလုပ်ရလျှင်ပင် လစာ၏ နှစ်ဆ ကျော်မျှ ကုန်ကျနိုင်သဖြင့် မဖြစ်မနေမှသာ တက်ရောက်ကုသကြသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ ကုသရပါလျှင်လည်း ကြွေးမြီပြဿနာနှင့် ဆက်လက် ရင်ဆိုင်ရကြောင်းလည်း တွေ့ရှိရပါ သည်။

ပညာရေးဝန်ကြီးဌာနအနေနဲ့မှ တက္ကသိုလ်ဆေးရုံနှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် အချို့တွင်သာ ဆေးပေးခန်းများ ရှိသော်လည်း လွန်စွာနည်းပါးပြီး လုံလောက်သော ကျန်းမာရေးစောင့် ရှောက်မှုမပေးနိုင်ပေ။ အချို့သော တက္ကသိုလ်များတွင် ဆေးခန်းအဆောက်အဦရှိသော်လည်း ဆရာဝန်၊ သူနာပြုစသည့် ကျန်းမာရေးဝန်ထမ်းမရှိပေ။ သို့ဖြစ်ရာ ဆရာ၊ ဆရာမ အများစုမှာ ကျန်းမာရေးဆိုင်ရာကိစ္စများဖြစ်ပေါ်ပါက ဆေးကုသမှုစရိတ်ကျခံနိုင်မှု မရှိခြင်းကြောင့် ဆေးရုံ ဆေးခန်းများတွင် စနစ်တကျ ခံယူကုသနိုင်ခြင်းမရှိဘဲ ကြုံသလို နည်းလမ်းများဖြင့်သာ ဖြေရှင်းနေ ကြရသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မလိုလားအပ်သော ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲ ပြဿနာများနှင့် ဆိုးရွားသောအကျိုးဆက်များ ခံစားနေကြရသည်ကို တွေ့ရှိရပါသည်။ ယင်းအချက် မှာ နေထိုင်မှုစရိတ်အတွက် လစာ၏ ၅၀ ရာခိုင်နှုန်းကျော် သုံးစွဲနေရခြင်းကြောင့် ကျန်းမာရေးစရိတ် အပေါ် ကျခံသုံးစွဲနိုင်ခြင်းမရှိသည့် နောက်ဆက်တွဲ အကျိုးဆက်တစ်ခုပင် ဖြစ်သည်ကို သုံးသပ် တွေ့ရှိရပါသည်။ ထို့အပြင် မိမိအစီအစဉ်ဖြင့် ပြည်ပသို့ အရေးပေါ်ဆေးကုသမှုနှင့် ဆေးစစ်မှုခံယူရန် လိုအပ်လာပါကလည်း ခွင့်ပြုမိန့် အလျင်အမြန်မရရှိသည့် အခက်ခဲများလည်း တွေ့ရှိရပါသည်။ အချို့ သော တက္ကသိုလ်များတွင် ကျန်းမာရေးကိစ္စအား အကြောင်းပြု၍ ခွင့်ဆိုင်ရာ ပြဿနာများလည်း ရှိ ကြောင်း၊ တက္ကသိုလ်ဆေးရုံမှ ထောက်ခံစာအပါအဝင် ဆေးလက်မှတ် အပြည့်အစုံဖြင့် ဆေးခွင့်တင် သော်လည်း လစာမဲ့ခွင့်သာ သတ်မှတ်ပေးမည်ဆိုကြောင်း လစာမဲ့ခွင့် သတ်မှတ်ကြောင်း စာထုတ် ပေးရန် ပြောဆိုမှသာ လုပ်သက်ခွင့် ပြန်လည်သတ်မှတ်ပေးခဲ့သည့် သာဓကများရှိကြောင်း သိရှိရ ပါသည်။

**(၄) မိသားစုဝင်အကျိုးခံစားခွင့်များ**

အထက်တွင်တင်ပြခဲ့သည့် လစာဝင်ငွေအခက်အခဲ၊ နေထိုင်မှုအခက်အခဲများကြောင့် ကျန်းမာရေး စောင့်ရှောက်မှုအပေါ် သက်ရောက်မှုအပြင် မိသားစုများအပေါ်တွင်လည်း သက်ရောက်မှု

ကြီးမားကြောင်း တွေ့ရှိရပါသည်။ ဆရာ၊ ဆရာမတစ်ဦး၏ လစာမှာ မိသားစု၏ အနိမ့်ဆုံး စားဝတ်နေရေး လိုအပ်ချက်ကိုပင် ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိခြင်း၊ နေထိုင်မှုစရိတ်အား မျှဝေသုံးစွဲနေရသည့် အခြေအနေ၌ တစ်ဖက်တွင် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာနေမှုကြောင့် သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ်များအား သုံးစွဲနိုင်မှု လျော့နည်းလာခြင်း၊ မိသားစုဝင်များထံမှပင် ပြန်လည် အကူအညီ ရယူနေရခြင်းများကြောင့် ရေရှည်တွင် မိသားစုမှာ ဝန်ထုပ်ဝန်ပိုးသဖွယ် မျှကူထမ်းနေရသည့် အခြေအနေ ဖြစ်လာသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် နိုင်ငံတော်မှပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ၎င်းတို့၏ မိသားစုဘဝများ အေးချမ်းစွာ နေထိုင်နိုင်ရေးမှာ အရေးကြီးပေသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးအပေါ် မှီတည်နေရသော မိသားစုဝင်များအတွက် အနိမ့်ဆုံးပညာရေး၊ ကျန်းမာရေးကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရမည့် အခြေအနေတစ်ရပ် ရှိရပေမည်။ အထူးသဖြင့် ဆရာ၊ ဆရာမများ၏ မိသားစုဘဝများမှာ လူ့အဖွဲ့အစည်းအတွင်း၌ လူတန်းစေ့ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရန် လိုအပ်ပေသည်။

<u>သုံးသပ်ချက်</u>

အထက်ဖော်ပြပါ ဆရာ၊ ဆရာမများ၏ လူမှုဘဝအခက်အခဲများအား ပြန်လည် ဆန်းစစ်ကြည့်လျှင် လစာမလုံလောက်မှုကြောင့် ဆရာ၊ ဆရာမများ၏ ဂုဏ်သိက္ခာနှင့် မလျော်ညီသော ကျူရှင်ပြခြင်းနှင့် အဂတိလိုက်စားခြင်း အပါအဝင် အခြားလုပ်ငန်းတစ်ခုခုဖြင့် တွဲဖက်လုပ်ကိုင်ကာ အပိုဝင်ငွေ ရှာဖွေရခြင်းများ ပြုလုပ်လာရခြင်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါသည်။ ထို့အတွက်ကြောင့် မူလတာဝန်များဖြစ်သည့် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများအပေါ် စိတ်ဝင်စားမှု နည်းပါးလာပြီး အပိုဝင်ငွေရရှိရေးကိုသာ အာရုံစိုက်လုပ်ဆောင်လာကြသည့်အတွက် ဂုဏ်သိက္ခာ အပြင် အရည်အသွေး ကျဆင်းလာမှုပါ နောက်ဆက်တွဲ ဖြစ်ပေါ်လာရပေသည်။ ထိုမှတစ်ဆင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအကြား ရှေးယခင်က မြတ်နိုးဖွယ်ရာကောင်းသော ဆရာတပည့် ဆက်ဆံရေး ယဉ်ကျေးမှုပုံစံတစ်ရပ်မှာ ယိုယွင်းပြောင်းလဲသွားရသည်။ အဆိုပါ အခြေအနေများကြောင့်သည်ပင်လျှင် အဆုံးသတ်ရလဒ်အနေဖြင့် ပညာရေးအဆင့်အတန်း တဖြေးဖြေး ဆုတ်ယုတ်မှုဖက်သို့ ဦးတည်သွားရခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါသည်။ အထက်ဖော်ပြပါ လူမှုဘဝအခက်အခဲများသည် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့် တက္ကသိုလ်များ အဆင့်မြှင့်တင်ရေးတွင် အရေးပါသောကဏ္ဍတွင် တည်ရှိနေခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ယင်းတို့အား လက်တွေ့ကျစွာ အလျင်အမြန် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြု တင်ပြအပ်ပါသည်။

**၃။ ဆရာ၊ ဆရာမများ၏ လူမှုဘဝအခက်အခဲများအား ဖြေရှင်းနိုင်မည့် နည်းလမ်းများ**

ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး ကြိုးပမ်းနေချိန်တွင် နိုင်ငံတော်အစိုးရမှ ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အခက်အခဲများနှင့် ချိန်ထိုးနှိုင်းယှဉ်ကြည့်လျှင် ဆရာ၊

ဆရာမများ၏ လူမှုဘဝ အခက်အခဲများမှာ ပြောပလောက်သည် မဟုတ်ပေ။ အထက်ဖော်ပြပါ လူမှုဘဝ အခက်အခဲများအနက် လစာမလုံလောက်မှုမှာ နိုင်ငံ့ဝန်ထမ်းအပါအဝင် ပြည်သူတစ်ရပ်လုံး ကြုံတွေ့ရင်ဆိုင်နေကြရခြင်းဖြစ်သည့်အလျောက် ယင်းအချက်မှာ အကြောင်းရင်းတစ်ရပ်ဖြစ်သော်လည်း အခြားသော ဖြေရှင်းနိုင်ချေရှိပြီး အဓိကကျသည့် နေထိုင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခက်အခဲပြဿနာနှစ်ရပ်ကိုသာ လတ်တလော အလျင်အမြန် ဖြေရှင်းဆောင်ရွက်နိုင်ရန် အကြံပြု တင်ပြလိုပါသည်။ အဆိုပါဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများမှာ–

- သက်သာချောင်ချိရေးအစီအစဉ်များ
- အိမ်ရာပိုင်ဆိုင်ခွင့်ရရှိစေခြင်း
- အခမဲ့ဆေးကုသခွင့်စနစ်တစ်ရပ် ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။

**(၁) သက်သာချောင်ချိရေးအစီအစဉ်များ**

**ပညာရေးဆိုင်ရာချေးငွေအစီအစဉ် (Education Loan)**

မဟာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများနှင့် အခြားသင်တန်း တက်ရောက်လိုသော တက်ရောက်နေသော ဆရာ၊ ဆရာမများအတွက် ဝန်ကြီးဌာန၏ စီမံမှုဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဒီဂရီကောလိပ်များ၏ စီမံမှုဖြင့်ဖြစ်စေ သက်ဆိုင်ရာအစိုးရဘဏ်များ သို့မဟုတ် ပုဂ္ဂလိကဘဏ်များဖြင့် ချိတ်ဆက်ကာ Education Loan for University Teachers တက္ကသိုလ် ဆရာ၊ ဆရာမများအတွက် ပညာရေးဆိုင်ရာချေးငွေ အစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြင့် ဆရာ၊ ဆရာမများ၏ ပညာဆက်လက် ဆည်းပူးလိုစိတ်နှင့် အရည်အသွေးမြှင့်တင်ရေးအား အားပေးကူညီရာရောက်ပြီး အဆင့်မြင့်ပညာကဏ္ဍအတွက် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရာလည်းရောက်ပေသည်။ အိမ်နီးချင်းထိုင်းနိုင်ငံရှိ တက္ကသိုလ်အချို့နှင့် ဘဏ်လုပ်ငန်းရှင်များ အသင်းတို့ ချိတ်ဆက်ကာ MoU စနစ်ဖြင့် အဆိုပါ Education loan အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**လူမှုဖူလုံရေးငွေစုငွေချေး သို့မဟုတ် ယင်းနှင့်အလားတူဖူလုံရေးအစီအစဉ်**

တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ ဆရာ၊ ဆရာမများမှလွဲ၍ အခြားသောဝန်ကြီးဌာနများရှိ ဝန်ထမ်းများမှာ လူမှုဖူလုံရေး အာမခံစနစ်အရ ငွေစုငွေချေး အသင်းအဖွဲ့များ ဖွဲ့စည်းကာ စုဆောင်းငွေ သတ်မှတ်ပြည့်မီပါက စုဆောင်းငွေ၏ ၅ ဆ သို့မဟုတ် ယင်းထက်ပိုသော ပမာဏအား ချေးယူခွင့် ရှိပေသည်။ ထို့ကြောင့် အဆိုပါ ငွေစုငွေချေးအစီအစဉ် သို့မဟုတ် အလားတူ အစီအစဉ်တစ်ရပ်ကို ဝန်ကြီးဌာန၏ စီမံမှုဖြင့်ဖြစ်စေ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များအလိုက် စီမံမှုဖြင့်ဖြစ်စေ ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် ပြင်ပကြွေးမြီ ပြဿနာများကို အထိုက်အလျောက် ဖြေရှင်းနိုင်မည် ဖြစ်ပေသည်။

## မိသားစုထောက်ပံ့ရေး အာမခံစနစ်အစီအစဉ်

လူမှုဖူလုံရေးဥပဒေ၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ ခ (၁) နှင့် (၃)ပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသော ဝင်ငွေပမာဏအောက် နည်းသည့် အာမခံထားသူ၏ ပညာသင်ကြားနေသော သားသမီးများအတွက် အကျိုးခံစားခွင့်နှင့် မှီခိုသူမိသားစုအတွက် သင့်လျော်သော အကျိုးခံစားခွင့်များ ပါရှိသည့် မိသားစုထောက်ပံ့ရေး အာမခံစနစ် သို့မဟုတ် ဝန်ကြီးဌာန၏ စီမံမှုဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာတက္ကသိုလ် ဒီဂရီကောလိပ်များ၏ စီမံမှုဖြင့်ဖြစ်စေ ဆောင်ရွက်သော မိသားစုထောက်ပံ့ရေး အာမခံစနစ်တစ်ရပ် ဖော်ဆောင်ပေးခြင်းဖြင့် မိသားစုဝင်များ၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များနှင့် အခြားသော လိုအပ်ချက်အချို့ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပေသည်။ အချို့သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် တက္ကသိုလ်ဝင်တန်းနှင့် ထူးချွန်သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များရှိသော်လည်း တစ်နှစ်စာ ထောက်ပံ့ကြေးမှာကျပ် (၃၀၀၀ – ၁၀၀၀၀) ခန့်သာ ရှိသည်ဟု သိရှိရပါသည်။

## လုပ်ငန်းခွင်ပျော်ရွှင်မှုများဖန်တီးဖော်ဆောင်ပေးမှုအစီအစဉ်

ဝန်ကြီးဌာန၏ စီမံမှုဖြင့်ဖြစ်စေ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ စီမံမှုဖြင့်ဖြစ်စေ ဆုပေး/ဒဏ်ပေး အစီအစဉ်များ ဖော်ဆောင်ပေးခြင်း၊ ကြိုပို့ယာဉ် လိုအပ်ချက်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဆရာ၊ ဆရာမ သီးသန့်ကြိုပို့ယာဉ်များ လုံလောက်စွာ စီစဉ်ပေးခြင်း (ကြိုပို့ယာဉ် မလုံလောက်၍ ကျောင်းသားဖယ်ရီများတွင် ပူးပေါင်းစီးနင်းရသဖြင့် စီးနင်းသည့် လူအရေအတွက် ပေါ်မူတည်၍ ယာဉ်စီးခကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ အထိပေးသွင်းကြရသဖြင့် လစာ၏ ၄ ပုံ ၁ ပုံမှာ ခရီးစရိတ်အတွက် အသုံးပြုနေရခြင်း) တာဝန်ကျရာဒေသတွင်ဖြစ်စေ မူလနေရပ်တွင်ဖြစ်စေ သားသမီးများအား အဆင်ပြေချောမွေ့စွာ ပညာသင်ယူခွင့်ရရှိစေခြင်း (ဥပမာ–ပြောင်းရွှေ့အမိန့်များထုတ်ပြန်ရာတွင် အခြေခံပညာကျောင်းများ၏ စာသင်နှစ် မစတင်မီ မေလတွင် ထုတ်ပြန်ပေးခြင်း) ဆက်သွယ်ရေး အော်ပရေတာများနှင့် ချိတ်ဆက်ကာသင်ကြားရေးနှင့် သုတေသနကို အထောက်အကူပြုစေရန် တက္ကသိုလ်ဝန်းအတွင်း အင်တာနက်ဝိုင်ဖိုင် (Internet Wifi) ရရှိစေခြင်း စသည့် လုပ်ငန်းခွင်ပျော်ရွှင်မှု အစီအစဉ်များ ဖော်ဆောင်ပေးခြင်းဖြင့် လုပ်ငန်းတိုးတက်မှုကို များစွာ အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ပေသည်။

## (၂) အိမ်ရာပိုင်ဆိုင်ခွင့်ရရှိစေခြင်း

လူမှုဖူလုံရေးဥပဒေ၊ အခန်း ၅ ပုဒ်မ ၁၃၊ ပုဒ်မခွဲ င (၁) ပါ အခြား လူမှုဖူလုံရေးစနစ်ဆိုင်ရာ ပြဋ္ဌာန်းချက်တွင် “အိမ်ရာစီမံကိန်းများဖြင့် ထူထောင်ထားသည့် လူမှုဖူလုံရေးအိမ်ရာများတွင် အာမခံထားသူများအား သတ်မှတ်ချက်များနှင့်အညီ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ ဝယ်ယူခွင့်၊ ပိုင်ဆိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ရှိကြောင်း ပါရှိပေသည်။ သို့ရာတွင် ဆရာ၊ ဆရာမများအနေဖြင့် ယင်းအကျိုးခံစားခွင့်ကို မရရှိပေ။ သို့ဖြစ်၍ ဝန်ကြီးဌာန၏ စီမံမှုဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ စီမံမှုဖြင့်ဖြစ်စေ၊ ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာသမဂ္ဂများ၏ ပူးပေါင်းညှိနှိုင်းမှုဖြင့်ဖြစ်စေ သို့မဟုတ် ဝန်ကြီးဌာန၊

ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာသမဂ္ဂများ၏ စုပေါင်းစီမံမှုဖြင့်ဖြစ်စေ ဆရာ၊ ဆရာမများအတွက် ကိုယ်ပိုင်တန်ဖိုးနည်းအိမ်ရာ သို့မဟုတ် မြေကွက်များ နှစ်ရှည် အရစ်ကျစနစ်ဖြင့် ဝယ်ယူနေထိုင်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် နေထိုင်မှုအခက်အခဲများကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည့်အပြင် ကိုယ်ပိုင်အိမ်ရာ ပိုင်ဆိုင်နိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်း ရရှိမည်ဖြစ်ပေသည်။ ထို့အပြင် နေအိမ်ငှားရမ်းမှုအတွက် ကုန်ကျနေရသည့် လစာ၏ ၅၀% ကျော်မှာ နေအိမ်ပိုင်ဆိုင်မှုအတွက် လစဉ်ပေးသွင်းငွေအဖြစ် ပြောင်းလဲ ကုန်ကျသွားမည်ဖြစ်ရာ ဆရာ၊ ဆရာမများအတွက် လုပ်ငန်းခွင် မျှော်မှန်းချက် (Job Incentive) ဖြစ်လာမည်ဖြစ်ပေသည်။

**(၃) အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ်ဖော်ဆောင်ခြင်း**

မြန်မာနိုင်ငံလူမှုဖူလုံရေးဥပဒေ (၂၀၁၂)၊ အခန်း ၅၊ ပုဒ်မ (၁၃) အရ နိုင်ငံ့ဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံလုပ်သားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် (၅) မျိုးခံစားခွင့်ရှိပြီး ယင်းအနက် ပုဒ်မခွဲ (က)ပါ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေး အာမခံစနစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ အကျိုးခံစားခွင့်များကို ရရှိခံစားနိုင်ပေသည်-

(၁) မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်

(၂) ကိုယ်ဝန်ဆောင်နှင့်မီးဖွားမှုအတွက် ဆေးကုသခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်

(၃) အာမခံထားသူများ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှုဆက်လက်ခံယူခွင့်

(၄) မည်သည့်အကြောင်းကြောင့်မဆို သေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်

အဆိုပါခံစားခွင့်များသည် နိုင်ငံ့ဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံ လုပ်သားများအတွက် ထိရောက်သော ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုတစ်ရပ်ဖြစ်ကြောင်းလည်း သိရှိရပေသည်။ သို့ရာတွင် ပညာရေးဝန်ထမ်းများဖြစ်သည့် ဆရာ၊ ဆရာမများမှာ "စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော အစိုးရဌာနများနှင့် သက်ဆိုင်ခြင်းမရှိ" ဆိုသည့် လူမှုဖူလုံရေးဥပဒေပါ ကန့်သတ်ချက်ကြောင့် အဆိုပါ ခံစားခွင့်များကို ခံစားခွင့်မရှိပေ။ သို့ဖြစ်၍ လူမှုဖူလုံရေး ရန်ပုံငွေမှ အခြားသော နိုင်ငံ့ဝန်ထမ်းများ ခံစားခွင့်ရှိသည့် ကျန်းမာရေးနှင့် လူမှုဖူလုံရေး ခံစားခွင့်များကို ပညာရေးဝန်ထမ်းများအားလုံး ခံစားခွင့်ရရှိနိုင်ရေးအတွက် လူမှုဖူလုံရေးဥပဒေ (၂၀၁၂) အား ပြင်ဆင်ရန်လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့သော် ဥပဒေတစ်ရပ် ပြင်ဆင်ရန်မှာ လုံလောက်သော အချိန်တစ်ရပ် ရယူဆောင်ရွက်ရခြင်းဖြစ်ရာ ချက်ချင်း အကောင်အထည်ဖော်နိုင်ရန်မှာ နိုင်ငံတော်အကြီးအကဲများမှ စီမံလမ်းညွှန်မှုပေးရန် လိုအပ်မည်ဖြစ်သည်။

ထိုသို့ စီမံဆောင်ရွက်နေစဉ် ကာလအတွင်း ပြည်ထောင်စုအစိုးရခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာန၏ စီမံမှုဖြင့်ဖြစ်စေ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ စီမံမှုဖြင့်ဖြစ်စေ အခြားသော နိုင်ငံ့ဝန်ထမ်းများ ခံစားခွင့်ရှိသည့် လူမှုဖူလုံရေးကဲ့သို့ ပညာရေးဝန်ထမ်းများအတွက် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ကာ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုစနစ်တစ်ရပ် ဖော်ဆောင်ပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခက်အခဲများကို တစ်ဖက်

တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ သို့မှသာ ဆရာ၊ ဆရာမများ ပညာရေးဝန်ထမ်းများ အတွက် ဆေးကုသစရိတ်အခက်အခဲကြောင့် အချိန်မီကုသသင့်သည့် ရောဂါများကုသနိုင်ခြင်း မရှိသည့် အခြေအနေနှင့် နောက်ဆက်တွဲ မလိုလားအပ်သော အခြေအနေတို့မှ ရှောင်ရှားနိုင်မည် ဖြစ်သည်။

အခြားဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ရပ်မှာ နိုင်ငံတော်ဘဏ္ဍာမှ နိုင်ငံသားတစ်ဦးအတွက် တစ်နှစ်လျှင် ကျန်းမာရေးစောင့်ရှောက်မှုစရိတ် ကျပ် ၄၀၀၀၀/- လျာထားသတ်မှတ်ခွင့်ပြုထားသည့် သီးခြားရန်ပုံငွေတစ်ရပ် ရှိနေပြီး ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ယူ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ အဆိုပါရန်ပုံငွေမှာ ပညာရေးဝန်ထမ်းများအားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှု အတွက်လည်း အကျုံးဝင်သဖြင့် ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနနှစ်ခု ညှိနှိုင်းကာ အဆိုပါ ရန်ပုံငွေမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူသုံးစွဲနိုင်သည့် အခြေအနေရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

<u>သုံးသပ်ချက်</u>

အထက်ဖော်ပြပါ ဆရာ၊ ဆရာမများ၏ လူမှုဘဝမြှင့်တင်ရေး အစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ပါက လစာမလုံလောက်မှုအခက်အခဲ၊ နေထိုင်မှု အခက်အခဲနှင့် ယင်းအခက်အခဲများကြောင့် ဖြစ်ပေါ်လာရသည့် ကျန်းမာရေး လူမှုရေးဆိုင်ရာ အခက်အခဲပြဿနာများကို အတန်အသင့် ဖြေရှင်းနိုင်မည်ဖြစ်ပြီး စားဝတ်နေရေးနှင့် ကျန်းမာရေးဆိုင်ရာ အာမခံချက်များ ရရှိလာနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။ ထိုကဲ့သို့ လူမှုဘဝရပ်တည်မှုဆိုင်ရာ အာမခံချက်များရှိလာသဖြင့် ကျူရှင်ပြခြင်းနှင့် အဂတိလိုက်ခြင်း စသည့်ကိစ္စရပ်များ တဖြည်းဖြည်း ပပျောက်သွားနိုင်မည်ဖြစ်ကာ မူလတာဝန်များဖြစ်သော သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများအား တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လာနိုင်မည် ဖြစ်သည်။ သို့မှသာ ဆရာ၊ ဆရာမများ၏ အရည်အသွေးတိုးတက်လာကာ နိုင်ငံတည်ဆောက်ရေး၏ အဓိက အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေးကဏ္ဍမြှင့်တင်မှုတွင် ဂုဏ်သိက္ခာရှိစွာ၊ အရည်အချင်း ပြည့်ဝစွာပါဝင် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**၄။ တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာသမဂ္ဂများကွန်ရက် (ရန်ကုန်)၏ ဆောင်ရွက်ချက်များ**

တက္ကသိုလ်၊ ဒီဂရီကောလိပ်ဆရာသမဂ္ဂများကွန်ရက်အား ၈- ၆- ၂၀၁၉ နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆရာသမဂ္ဂများ စုစည်းကျင်းပသည့် တက္ကသိုလ် ဆရာ၊ ဆရာမများ၏ လူမှုဘဝမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် ဆရာသမဂ္ဂများ စုစည်းချိတ်ဆက် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စတင်ဖွဲ့စည်းခဲ့ကြခြင်းဖြစ်ပါသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ယခင်ဖွဲ့စည်းခဲ့သော ဆရာသမဂ္ဂများမှာ ဝိဇ္ဇာသိပ္ပံ ဆရာသမဂ္ဂများ အစုအဖွဲ့နှင့် နည်းပညာဆိုင်ရာ ဆရာသမဂ္ဂများအစုအဖွဲ့ ဟူ၍သာ ရှိခဲ့ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာသမဂ္ဂများကွန်ရက် (ရန်ကုန်) မှာ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်များနှင့် နည်းပညာဆိုင်ရာ တက္ကသိုလ်များအပြင် ဆေးတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်၊

ပညာရေးကောလိပ်များ စသည်ဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အမျိုးအစားအားလုံး စုစည်း ပါဝင်လျက်ရှိသော ဆရာသမဂ္ဂများ အစုအဖွဲ့ဖြစ်ပါသည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာသမဂ္ဂများကွန်ရက်(ရန်ကုန်)အနေဖြင့် ဆရာ၊ ဆရာမများ၏ လူမှုဘဝ တိုးတက်မြင့်မားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအား ကျောင်းသားသမဂ္ဂများ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် လွှတ်တော်ရေးရာကော်မတီများ၊ ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တွေ့ဆုံညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက် တစ်ရပ် ထုတ်ပြန်ထားခဲ့ပြီးလည်း ဖြစ်ပါသည်။

တက္ကသိုလ်၊ ဆရာသမဂ္ဂများကွန်ရက်(ရန်ကုန်) အနေဖြင့် လစဉ် လပတ်အစည်းအဝေးများကို အဖွဲ့ဝင် ကျောင်းများတွင် အလှည့်ကျ ပြုလုပ်လျက်ရှိပြီး ထိုသို့ပြုလုပ်ခြင်းဖြင့် သဘောသဘာဝ မတူညီသော တက္ကသိုလ်များ၏ အခြေအနေကို စဉ်ဆက်မပြတ် လေ့လာသိရှိနိုင်ပြီး ချိတ်ဆက်ဆောင်ရွက်နိုင်မှု ပိုမိုအားကောင်းလာစေကာ ပညာရေးမြှင့်တင်မှု လုပ်ငန်းစဉ်များ ဆရာ၊ ဆရာမများ၏ အခက်အခဲများကို အပြန်အလှန် ပူးပေါင်းဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။ ဤကွန်ရက်အနေဖြင့် လတ်တလော ဆောင်ရွက်လျက်ရှိသည့် အဓိကလုပ်ငန်းစဉ်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆရာ၊ ဆရာမများ၏ နေထိုင်မှုဆိုင်ရာ အခက်အခဲများအား တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တွေ့ဆုံကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆရာ၊ ဆရာမများ ကိုယ်ပိုင်တန်ဖိုးနည်းအိမ်ရာ(သို့မဟုတ်) အိမ်ခန်းများနှစ်ရှည်အရစ်ကျစနစ်ဖြင့် ဝယ်ယူခွင့်ရရှိနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ၅။ နိဂုံး

နိဂုံးချုပ်အားဖြင့်ဆိုရသော် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက်ကတည်းက သတ်မှတ်ထားခဲ့သော အယူအဆတစ်ခုဖြစ်သည့် "စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ" ဟူသည့် သတ်မှတ်ချက်ကြောင့် ဆုံးရှုံးခဲ့ရသော လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များကို အခြားသော နိုင်ငံ့ဝန်ထမ်းများအားလုံးနည်းတူ ပညာရေးဝန်ထမ်းများအားလုံးလည်း ခံစားခွင့်ရရှိစေရေး ဆောင်ရွက်ပေးရန် အရေးတကြီးလိုအပ်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေပါပြဋ္ဌာန်းချက်များအရလည်း "ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများ" ဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်များတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း ရှိ/မရှိ ဟူ၍ ခွဲခြား အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့သော အခြေအနေများကြောင့် ဤစာတမ်းပါ အကြံပြု တင်ပြချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းအားဖြင့် အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာ၊ ဆရာမများ၏ အခြေခံလူမှုဘဝ အခက်အခဲများကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးနိုင်ပြီး ဆရာ၊ ဆရာမများအနေဖြင့်လည်း သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများကို အာရုံစိုက် လုပ်ဆောင်လာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးဆုံးသော ပညာရေးကဏ္ဍ၏

အဓိကမောင်းနှင်ရေးအင်အားများဖြစ်ကြသည့် ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားလာစေရေး ကိုပါ အားပေးမြှင့်တင်နိုင်မည်ဖြစ်ကာ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်များ ကို သက်ဆိုင်ရာကဏ္ဍအလိုက် ဂုဏ်သိက္ခာရှိစွာဖြင့် ပါဝင်ပူးပေါင်း အကောင်အထည်ဖော်ဆောင် နိုင်မည် ဖြစ်ပါသည်။ ထို့သို့ ဆရာ၊ ဆရာမများ အရည်အသွေး မြင့်မားလာသည်နှင့်အမျှ ကျောင်းသား၊ သူများနှင့် လူ့အဖွဲ့အစည်းမှ လေးစားအားကျ အတုယူဖွယ်ရာ စံပြပုဂ္ဂိုလ် (Ideal Person) များဖြစ်လာ စေပြီး ပညာရေးအဆင့်အတန်း မြင့်မားလာကာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ဒီမိုကရေစီ ဖော်ဆောင်မှုခရီးတွင် ပညာရေးကို အခြေခံသည့် ပညာ့လူ့အဖွဲ့အစည်း (Knowledge Society) အဖြစ် ခိုင်မာစွာ ရပ်တည်နိုင်မည် ဖြစ်ပါသည်။

**ကိုးကားချက်များ**

၁။ မြန်မာနိုင်ငံလူမှုဖူလုံရေးဥပဒေ (၂၀၁၂)

၂။ မြန်မာနိုင်ငံလူမှုဖူလုံရေးနည်းဥပဒေ (၂၀၁၄)

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ (၂၀၁၃)

၄။ ဒေါ်အောင်ဆန်းစုကြည် (ယခု နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်)၏ ရန်ကုန်စက်မှုတက္ကသိုလ် မတ်လအရေးအခင်း ၂၆ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ကောက်နှုတ်ချက် (၁၁-၃-၂၀၁၄)

၅။ ဒေါက်တာညီညီ ၊ "တက္ကသိုလ်များပြုပြင်ပြောင်းလဲရေး"

၆။ ပညာရေးဝန်ကြီးဌာနဝက်ဘ်ဆိုဒ် www.moe.gov.mm

၇။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝက်ဘ်ဆိုဒ်

၈။ တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာသမဂ္ဂများကွန်ရက်(ရန်ကုန်) အဖွဲ့ဝင်ဆရာသမဂ္ဂ ကိုယ်စားလှယ် များ၏ ဆွေးနွေးတင်ပြချက်များ

၉။ www.goovers#001.com.blog, the average salary for teaching abroad in Cambodia.

၁၀။ www.goovers#001.com.blog, the average salary for teaching abroad in Laos.